စမ္ပယ်တောင်ဆင့်၁၁ပေမှထုတ်ဝေသည်

# မြစ်များဇရာတိုင်းမှသည် ကဿပနဒီ၊မေယုဆီသို့

(ခရီးသွားလူမှုစီးပွားသမိုင်းဆောင်းပါး)

ဒေါက်တာမြင့်သိန်း(ရန်ကုန်တက္ကသိုလ်)



ရွှေနိုင်လာစာပေတိုက်က တစ်ပြည်လုံးသို့ ဖြန့်ချိသည်

## (စာရေး သူ၏ အမှာ စာ)

စာရေး သူအနေဖြင့် သမိုင်းသုတေသီတစ်ဦး ဖြစ်သည့်အလျောက် တိုင်းနှင့် ပြည်နယ်အားလုံး သို့ ရောက်ရှိခဲ့ပေသည်။ ရောက်သည့်ဒေသမှာ အတော် ကြာပြီ ဖြစ်ပေသည်။ သမိုင်းသုတေသန စာတမ်းများ သည် ပညာရပ်နယ်ပယ်တွင် သာပြန့်နှံ့ပြီး ပြည်သူများ အတွင် းသို့ ရောက်ရှိနိုင်ခြင်းမရှိ သည်ကိုသတိထားပြီး ဖြစ်သည့်အလျောက် ပြည်သူများ အား ခရီးသွားဆောင်းပါးအဆင့်လည်းမက၊ သမိုင်းဆောင်းပါးအဆင့်သို့ လည်း မရောက်သည့်အသွင်ဖြင့် ရေး သားတင်ပြလိုသည်မှာ ကြာပြီ ဖြစ် သည်။

မသိသေးသော သမိုင်းနောက်ခံများ ၊ မကြားမိသေးသော သမိုင်းမြုပ်ကွက်များ ၊ လက်ရှိ ဖြစ် ပေါ်နေသော လူမှု စီးပွားရေး အခြေအနေများ ၊ နိုင်ငံရေး ပြဿ နာများ ကို ခရီးသွားရင်းမြင်တွေ့သမျှနှင့် ပေါင်းစပ်ကာ ရေး သားတင်ပြလိုက်ခြင်းပင် ဖြစ်သည်။ သမိုင်းသုတေသနလုပ်ငန်းများ အတွက် သွားရင်းလာရင်းမှ အမှတ်မထင်မြင်လာရသည့် လူမှု ရေး ၊ စီးပွားရေး ၊ နိုင်ငံရေး များ သည် နိုင်ငံ အတွက် ဆင်ခြင်စဉ်းစားစရာအများ အပြားပင်။

စာရေး သူအနေဖြင့် ထိုစဉ်းစားစရာအချက်များ ကိုလည်း သိစေလိုသည်။ သိမှသာ ပြင်သင့် သည်ကိုပြင်နိုင်မည် ဖြစ်သည်။ ထို့အတူ မိမိရောက်ရှိခဲ့ရာအရပ်ဒေသ၏ သမိုင်းကြောင်းများ ကို လည်း အချက်အလက်ခိုင်ခိုင်မာမာဖြင့် သိစေလိုသည်။ စာဖတ်သူတို့အတွက် ဖျော်ဖြေရေး စာ အ ဖြစ် ခဏတာဖတ်ပြီး ခေါင်းထဲတွင် မကျန်ခဲ့သည့်စာမျိုး မ ဖြစ်စေလိုပေ။ ထို့ကြောင့် ခရီးသွား ဆောင်းပါးဆိုသည်ထက် ခရီးသွားလူမှု စီးပွားသမိုင်းဆောင်းပါးများ ကို ရေး သားတင်ပြခြင်းဆိုလျှင် ပိုမိုမှန်ကန်မည် ဖြစ်ပေသည်။

ယခုပုံနှိပ်ထုတ်ဝေသည့်စာအုပ်သည် သံတော် ဆင့်တွင် ရေး သားခဲ့သည့် ကချင်ပြည်နယ် အတွင် း သွားရောက်ခဲ့သည့် ခရီးသွားမှတ်တမ်းနှင့် ရခိုင်ပြည်နယ်အတွင် း သွားရောက်ခဲ့သည့် ခရီး များ ကို ပြန်လည်စုပေါင်းကာ တင်ဆက်ထားခြင်း ဖြစ်သည်။ ဤသို့ စာအုပ်တစ်အုပ် ဖြစ်အောင် စုစည်းနိုင်သည်အထိ စိတ်ရှည်လက်ရှည်ဆောင်ရွက်ပေးခဲ့သော

သံတော် ဆင့်ကိုလည်း အထူးပင် ကျေးဇူးတင်မိသည်။ ပြည်သူတို့အတွက် အတွေ းတစ်ခုပေးနိုင်သည်ဆိုလျှင်ပင် စာရေး သူအတွက် ရေး သားရကျိုးနပ်သည်ဟု ထင်မြင်မိသည်။

*

# အခန်း (၁)




ခရီးစဉ်အစ

ကချင်ပြည်နယ်အတွင်း ‌ သမိုင်းကွင်းဆက်အချို့ လေ့လာရန်အတွက် ခရီးစဉ်တစ်ခု စတင် စီစဉ်ခဲ့ကြသည်။ အဓိကသွားရောက်မည့် ဒေသများ သည် မိုးကောင်း၊ ဖန်းမော်၊ မြစ်ကြီးနားနယ်မြေ များ ဖြစ်သည်။ သွားမည့် ရက်၊ သွားမည့် ခရီးစဉ်များ ကို ညှိနှိုင်းကြပြီးနောက် ရှေ့ပြေးအဖွဲ့တစ်ဖွဲ့က ရထားဖြင့် စတင်ထွက်ခွာခဲ့ကြသည်။ ကျွန်တော်က လိုအပ်သည့်လုပ်ငန်းကိစ္စများ ဆောင်ရွက်နေရ သဖြင့် နောက်ချန်နေခဲ့ပြီး လေယာဉ်ဖြင့် လိုက်ခဲ့သည်။ ကိုယ်သွားချင်သည့်ရက်ထက် လေယာဉ် ထွက်မည့် ရက်ကိုစောင့်နေရသဖြင့် နောက်ကျသွားသည်။ ရထားနှင့် သွားသည့်အဖွဲ့က ရောက်နှင့် နေပြီး လေယာဉ်နှင့် လာမည် သူများ ကို စောင့်နေရသည်။

ရန်ကုန်မှ နံနက် ၉ နာရီတွင် စတင်ထွက်ခွာလာသော လေယာဉ်သည် မန္တလေးတွင် တစ် ထောက်နားပြီး ခရီးသည်အတင်အချလုပ်ကာ ဆက်လက်ထွက်ခွာလာရာ ဗန်းမော်သို့ ရောက် သည်။ ဗန်းမော်မြို့ အနေအထားကို အင်တာနက်ထဲက ကောင်းကင်ဓာတ်ပုံများ ကြည့်ရှုကူးယူ ထားသဖြင့် လက်ရှိကိုယ့်မျက်စိနှင့် မြင်ရသည့်မြင်ကွင်းကို တွဲ စပ်လေ့လာကြည့်ရန် အခွင့်ကောင်း တစ်ခုပင် ဖြစ်သည်။ မြို့ အနေအထား အလွန်ကောင်းသကဲ့သို့ ဝန်းကျင်မြေအနေအထားကလည်း စီးပွားရေး အတွက် အခြေအနေကောင်း ဖြစ်နိုင်ပေသည်။

ဗန်းမော်လေဆိပ်သို့ ဆင်းသက်ချိန်တွင် ရာသီဥတုမှာ အလွန်သာယာနေသည်။ ကျွန်တော် တို့မရောက်မီက ကချင်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှု သည် ယခုတော့ရပ်တန့်သွားဟန် ရှိသည်။ မကြာမီ မြစ်ကြီးနားလေဆိပ်သို့ ဆင်းသက်မည် ဖြစ်သည်။ ဗန်းမော်နှင့် မြစ်ကြီးနားသည် အလွန်နီးသော လေယာဉ်ခရီး ဖြစ်သဖြင့် ဗန်းမော်လေဆိပ်မှတက်ပြီး မကြာမီပင် မြစ်ကြီးနားသို့ ရောက်လာပေသည်။ ဧရာဝတီမြစ်ကြီး၏ အကွေ့အကောက်များ စွာ နှင့် စီးဆင်းနေပုံကိုလည်း လေယာဉ်ပေါ်မှ မြင်နေရသည်။ မေခနှင့် မလိခပေါင်းဆုံခြင်းမှစတင်ခဲ့သော ဧရာဝတီမြစ်ကြီး၏ အစ ကို ကျွန်တော် မြင်တွေ့ရတော့မည် ဖြစ်သည်။ ကျွန်တော် တို့ မြန်မာနိုင်ငံပြည်သူပြည်သားများ အတွက် သမိုင်းမတင်မီကမှသည် ယနေ့တိုင် ဤဧရာဝတီမြစ်ကြီးက သမိုင်းတာဝန်အမျိုးမျို

းကို ထမ်းဆောင်ပေးခဲ့ပေသည်။ ကျွန်တော် တို့အဖွဲ့ မြေပြင်ကွင်းဆင်းသည့်အခါတွင် လည်း မြစ်ဆုံ အလှကို မြင်ရဦးမည် ဟူသော အတွေးက အလိုလိုပီတိ ဖြစ်မိနေပေသည်။

လေဆိပ်ရောက်သည်နှင့် လာကြိုသည့်ကားဖြင့် မြစ်ကြီးနားတက္ကသိုလ်သို့ သွားခဲ့ကြသည်။ မြို့ တွင် းလမ်းများ သည် စနစ်တကျထိန်းသိမ်းပြင်ဆင်မှု များ ရှိသဖြင့် သန့်ရှင်းနေသည်။ မြစ်ကြီးနား တက္ကသိုလ်ဘက်သို့ သွားသည့် လမ်းမကြီးသည် ချောမွေ့ကျယ်ပြန့်လှသည်။ တည်ဆောက်မှု ထက် ထိန်းသိမ်းမှု ကိုနိုင်နင်းအောင် လုပ်နိုင်ရန်လိုသည်။ ရှေ့ကဆောက်၍ မပြီးမီ နောက်ကပျက်နေခြင်း ကို နိုင်နင်းအောင်မပြု ပြင်နိုင်လျှင် အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ သာ ဖြစ်နေတတ်သည်။ မြစ်ကြီးနားလမ်းမကြီးများ သည် ပြင်ဆင်ထိန်းသိမ်းမှု ကို စနစ်တကျလုပ်ပုံရသည်။

ရောက်သည့်နေ့ ညနေမှာ ပင် လုပ်ငန်းကိစ္စဆွေးနွေးတိုင်ပင်ကြပြီး ခရီးစဉ်အသေးစိတ်ကို ရေး ဆွဲကြသည်။ လိုအပ်မည့် အထောက်အထားများ ကို ရန်ကုန်က ယူဆောင်လာပြီး ဖြစ်သဖြင့် ကွင်းဆင်းရက်တွင် လိုအပ်မည့် အချက်များ စိစစ်ရွေးချယ်မှု ပြု ကြသည်။ နယ်မြေအတွင် း ဒေသ ဆိုင်ရာအချက်အလက်များ ကို ရှာဖွေနိုင်ရန်နှင့် လိုအပ်သည့်အကူအညီရရှိရန် မြစ်ကြီးနားတက္ကသိုလ်၊ သမိုင်းဌာနမှ ဒေါက်တာကျော်ဆွေညွှန့်ကို ကျွန်တော် တို့အဖွဲ့နှင့် တွဲ ဖက်ပေးထားသည်။

ဆရာကျော်ဆွေညွှန့်သည် ကချင်ပြည်နယ်တွင် အနေကြာသည့် သမိုင်းဆရာတစ်ဦး ဖြစ် သကဲ့သို့ ကချင်ပြည်နယ်နှင့် ပတ်သက်သော စာတမ်းဖြင့် ဒေါက်တာဘွဲ့ယူထားသူ ဖြစ်သည်။ တွေ့ စမှာ ပင် သူ၏ အပြောကြွယ်မှု ကိုလေ့လာမိသည်။ ဒေါက်တာကျော်ဆွေညွှန့်ဟူသော အမည် ထက် ဆရာမိုးထိဟူသော အမည် ကိုပို၍ လူသိများ ကြသည်။ မန္တလေးတက္ကသိုလ်က ရင်းနှီးသည့် ဆရာမများ က သူ့ကိုထိုအမည် ပေးထားခြင်း ဖြစ်သည်။ 'ဘာကြောင့် အဲဒီ အမည် ကိုပေးထားကြောင်း ခင်ဗျားဟိုကြရင်သိလိမ့်မယ်' ဟု ပြောဆိုခဲ့သည့် စကားပဟေဠိတစ်ခုကို ကျွန်တော် အခုမှသိလိုက် ရသည်။ သို့သော် သူ၏ ကူညီမှု သည်လည်း ကျွန်တော် တို့အတွက် များ စွာ အထောက်အကူပြုသဖြင့် ကျေးဇူးတင်လှပေသည်။

ဆရာမိုးထိကဲ့သို့ ပင် ကချင်ပြည်နယ်ဗဟုသုတအတော် စုံသည့် အငြိမ်းစားပထဝီ ပါမောက္ခ ဦးထွန်းစိန်နှင့် လည်း လက်ဘက်ရည်ဆိုင်တွင် တွေ့ဆုံကြသည်။ ပထဝီပါမောက္ခဘဝက ကချင် မြေအနှံ့သွားခဲ့သဖြင့် သူ၏ အတွေ့အကြုံများ သည် စိတ်ဝင်စားဘွယ် ဖြစ်သည်။ ကျွန်တော် တို့မသိ သေးသော သမိုင်းကြောင်းများ သည် အများအပြားပင် ဖြစ်သည်။ ဆရာ့ကိုမေးမြန်းရသည်က အားရ လှသည်။ မြင့်မားသည့် ရေခဲတောင်များ ပေါ်မှ အတွေ့အကြုံများ ကိုလည်း အားပါးတရ ပြောပြ သည်။ ဆေးမြစ်တူးသူတို့အကြောင်းတွေ လည်း ပါသည်။ ဆင်းသက်လာသော လူမျိုးစုများ အကြောင်း လက်တွေ့နှင့် ယှဉ်ပြောသည်မှာ လည်း စိတ်ဝင်စားစရာ။ ပင်စင်စားဆိုသော လည်း ပင်စင်စားဟုပင်မထင်ရ။ မန္တလေးကလာသူ ဖြစ်သော် လည်း မန္တလေးသို့ ပြန်ချင်ပုံမပေါ်။

ဆရာဦးထွန်းစိန်နှင့် တွေ့ဆုံအပြီးတွင် မြစ်ကမ်းဘေးလမ်းလျှောက်ကာ ဧရာဝတီမြစ်၏ အလှကိုခံစားခဲ့ကြသည်။ ညနေဆည်းဆာအလှနှင့် အတူ မြစ်ကမ်းတွင် အပန်းဖြေသူများ နှင့် ပြည့် နေပေသည်။ မြစ်ဘေးလမ်းမတွင် စားသောက်ဆိုင်အသီးသီးခင်ထားသဖြင့် ထိုင်စားရင်း သဘာဝ အလှကို အရသာခံနိုင်ပေသည်။ အပြန်တွင် ညအတွက် ဖယောင်းတိုင်ဝယ်သွားရသည်။ မီးစက် ပျက်နေကြောင်းသိရသဖြင့် ကြိုတင်ပြင်ဆင်ကြရသည်။ ရန်ကုန်မှလာသူများ ဖြစ်၍ မီးပျက်ခြင်း သည် အထူးအဆန်းမဟုတ်တော့ပေ။ အဆောင်ပြန်အရောက်တွင် နောက်တစ်နေ့အတွက် မိုးကောင်းခရီးစဉ် အစီအစဉ်ကို ညှိနှိုင်းရေး ဆွဲသည်။ မြစ်ကြီးနားတွင် လုပ်စရာအများ အပြားရှိ သော် လည်း နောက်ဆုံးမှဆောင်ရွက်ရန် ရည်ရွယ်ထားကြသည်။ လောလောဆယ် ကျွန်တော် တို့ မိုးကောင်းမြို့ ကို စတင်လေ့လာရန်စီစဉ်ခဲ့ပြီး ထွက်မည် အချိန်သတ်မှတ်ကြသည်။ စောစောထွက် နိုင်မှ ကျွန်တော် တို့အလုပ်လုပ်ရန် အချိန်ပိုရမည် ဖြစ်၍ စောစောထွက်ဖို့ ကာစီစဉ်ရသည်။ အိပ်၍ ပျော်ရန်မလွယ်။ ရာသီဥတုက ပူပြင်းလှသည်။ တောကြီးတောင်ကြီးများ အထူထပ်ဆုံးသော နေရာ ဟုယူဆကာ ကချင်မြေကိုအနွေးထည်အပြည့်ဖြင့် လာသော ကျွန်တော် တို့အတွက် တကယ်လိုအပ်

နေသည်က ယပ်တောင် ဖြစ်သည်။ အလွန်ထူထပ်လှသည့် တောတောင်များ ပျက်သုဉ်းကုန်ခြင်း၏ အကျိုးဆက်ပင် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို အနည်းငယ်ထိပါးလိုက်သည်နှင့် သဘာဝ ပတ်ဝန်းကျင်ကို အနည်းငယ်ထိပါးလိုက်သည်နှင့် သဘာဝပတ်ဝန်းကျင်၏ ပညာပေးတုံ့ပြန်မှု ကို ကျွန်တော် တို့ပြန်ခံရမည် ဖြစ်သည်။ အချိန်မနှောင်းခင် သိဖို့တော့လိုသည်။ သိလျှင်လည်း ပြင်ဖို့ လိုပြန်သည်။

*

မိုးကောင်းမြို့ ဟောင်းသို့

နံနက် ၇ နာရီတွင် မြစ်ကြီးနားမှ မိုးကောင်းမြို့ သို့ စတင်ထွက်ခွာခဲ့သည်။ စိမ်းစိုသော လယ် ကွင်းတို့၏ အလှအပ၊ ကြည်လင်သော မိုးကောင်းကင်၏ အလှအပများ ကို မြင်တွေ့ ရသည်မှာ ကြည်နူးစရာ။ မြစ်ကြီးနားမှအထွက်တွင် ကားလမ်းမှာ သိပ်မဆိုးသော လည်း မိုးကောင်းနားနီးလေ ပိုဆိုးလေ ဖြစ်လာသည်ကို တွေ့ ရသည်။ လမ်းကိုမြို့ နယ်အလိုက် ပြုပြင်ထိန်းသိမ်းမှု အပိုင်းတွင် အားနည်းပုံရသည်။ ကားဆရာ ကိုသိန်းဇော်ဦးအနေဖြင့် သည်လမ်းကိုမကြာခဏ ဧည့်သည်လိုက် ပို့ရသဖြင့် နိုင်နိုင်နင်းနင်းမောင်းနှင်နိုင်၍ တော် သေးသည်။

ကားလမ်း၏ တစ်ဖက်တစ်ချက်စီတွင် ရွာကလေးများ ကို ဖြတ်သန်းသည့်အခါ ရွာအမည် များ ကို သတိထားမိသည်။ အချို့မှာ မြန်မာဆန်သည့်ရွာအမည် များ ဖြစ်ပြီး အချို့မှာ ကချင်အမည် ဖြင့် ရွာ၊ ရှမ်းအမည် ဖြင့် ရွာများ ဖြစ်သည်ကို တွေ့ ရသည်။ တိုင်းရင်းသားပေါင်းစုံတို့ ပါပေသည်။ မြစ်ကြီးနားမှအထွက်တွင် ပမတီး၊ နန်းကွေ့၊ မော်ဖောင်း၊ ရှဒေါင်၊ အကျဲ၊ လွယ်ခါကော၊ မရမ်း စသည့်ရွာများ ကိုတွေ့ ရပြီး ကချင်ရွာက အများ စု ဖြစ်သည်။ မရမ်းသည် မိုးကောင်းမြို့ နယ်၏ အစ ဖြစ်ပြီး မရမ်းရွာပြီးလျှင် နမ္မတီး၊ ကံလှ၊ မြတောင်၊ သူငွေးကုန်း၊ ကျွန်းပင်သာ၊ အထက်ရှမ်းစုရွာတို့ ကျော်ဖြတ်ပြီးမှ

မိုးကောင်းကိုရောက်သည်။ မြတောင်ရွာနားရှိ လယ်ကွင်းပြင်များ မှာ ရှုမဆုံးနိုင်အောင်ရှိတော့သည်။ စိမ်းစိုနေသော စပါးကွင်းများ နှင့် ဝန်းကျင်တွင် ဝိုင်းရံထားသော တောင်တန်း များ ၏ အလှသည် ပနံရလှသည်။




မိုးကောင်းသည် ပထမမိုးကောင်း၊ ဒုတိယမိုးကောင်း၊ တတိယမိုးကောင်း၊ စတုတ္ထ မိုးကောင်းဟူ၍ ရှေးအခါကတည်းက တည်ရှိခဲ့သည်။ နမ့်ကောင်းချောင်း(မိုးကောင်း)အတိုင်း ဆန်တက်သွားသည့်အခါ မိုင်းခွန်အရပ်သို့ ရောက်သည်။ ထိုနေရာတွင် ပထမမိုးကောင်းကို တည် ခဲ့ခြင်း ဖြစ်သည်။ ထိုနေရာသို့ ရောက်သည့်အခါ ပါလာသည့်အိုးစည်သည် အလိုအလျောက်မြည် သဖြင့် ဟော်နန်းတည်ဆောက်ခဲ့သည်။ အိုးစည်မြည် လာသည့်နေရာကို ရှမ်းတို့က မိုင်းကောင်းဟု ခေါ်ရာမှ နောက်ပိုင်းတွင် မိုးကောင်း ဖြစ်လာသည်ဟုဆိုသည်။ ပထမမိုးကောင်းကို သာသနာ သက္ကရာဇ် (၁၁၂) ခုနှစ် တွင် တည်ထောင်သည်ဟုဆိုသည်။ ပထမမိုးကောင်းသည် ယခုတည်ရှိ နေသည့်မိုးကောင်းနှင့် ၃၂ မိုင်ခန့်ဝေးသည်ဟုဆိုသည်။ ဒုတိယမိုးကောင်းသည် မိုင်းခွန်အရပ်မှ ဟူးကောင်းအရပ်သို့ ပြောင်းလာခြင်း ဖြစ်သည်။ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်သည် သဘာဝသံယံ ဇာတပစ္စည်းများ အလွန်ပေါကြွယ်ရာဒေသ ဖြစ်သည်။

ဟူးကောင်းလွင်ပြင်သို့ ပထမဆုံးအခြေစိုက် သူများ မှာ နာဂမျိုးနွယ်များ ဖြစ်သည်ဟုဆိုသည်။ နောက်ပိုင်းတွင် အလုံးအရင်းဖြင့် ဆင်းသက်လာ သည့်မိုးကောင်းရှမ်းများ ဝင်ရောက်လာမှုကြောင့် နာဂတို့နေရာရွှေ့သွားရပြီး မိုးကောင်းရှမ်းတို့ အခြေချရာ ဖြစ်လာခဲ့သည်။ ဟူးကောင်းဆိုသည့်စကားသည်ပင်လျှင် ရှမ်းဘာသာစကား ဖြစ်ပြီး စည်တော် ဦးခေါင်းပြုရာအရပ်ဟု အဓိပ္ပာယ်ရသည်။ နောက်ပိုင်းတွင် ကချင်ဂျိမ်းဖောအနွယ်ဝင်များ ဒရှုကွန်တောင်ကြားအတိုင်း ဝင်ရောက်လာသဖြင့် မိုးကောင်းရှမ်းတို့လည်း နေရာရွှေ့ရပြန်သည်ဟု ဆိုသည်။

မြို့ သက်တမ်း ၅၁၂ နှစ် အရတွင် ပထမမိုးကောင်းပျက်သွားပြီး နှစ် အတော်ကြာမှ မြို့ သစ် ကိုရှာဖွေကြသည်။ ရှေးအခေါ် ပူကမ်း၊ ယခုအခေါ် ကာမိုင်းအနီး အင်းတော်ကြီးမှ စီးဆင်းလာ သော ချောင်း၊ မိုင်းခွန်ဟူးကောင်းတောင်ကြားမှ စီးဆင်းလာသော နမ့်ကောင်းချောင်းကြီး နှစ် ခု ဆုံစည်းရာအရပ်တွင် ဒုတိယမြို့ ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဒုတိယမိုးကောင်းကို ကောင်း ဟုန်မြို့ ဟုခေါ်သည်။ နရားရွာအနီးတွင် ရှိသည်ဟု သိရသည်။ စီးပွားရေး အလွန်ကောင်းသော မြို့ ဖြစ်သည်။ ထိုမြို့ သည် မြို့ သက်တမ်း ၃၂၁ နှစ် ကြာခဲ့သည်။ သာသနာသက္ကရာဇ် ၁၃၁၃ ခုနှစ် တွင် တတိယမိုးကောင်းကို နမ့်ကောင်းချောင်းအား အမှီပြု၍ သွားလာရေး လွယ်ကူသော အရပ်၊ ကွင်းပြန့် သာယာသော ယခုမြို့ ဟောင်းနေရာကို ပြောင်းရွှေ့ခဲ့ကြကြောင်း သိရသည်။ တတိယမိုးကောင်း သည် ဒုတိယမိုးကောင်းနှင့် ၁၈ မိုင်ခန့်ဝေးသည်။

အဆိုပါမြို့ ဟောင်းသို့ သွားရောက်လေ့လာသည့်အခါ တောအတိ ဖြစ်နေပြီး ပြိုပျက်နေ သော ဘုရားဟောင်းများ ကို တွေ့ ရသည်။ ထိုဝန်းကျင်နေထိုင်သော ရွာသားများ ၏ ပြောကြားချက် အရ တောင်တန်းများ တစ်လျှောက်တွင် စေတီဟောင်းများ အများအပြားရှိကြောင်းသိရသည်။ မြို့ ဟောင်းကုန်းပေါ်တွင် စိုက်ပျိုးရေး လုပ်ကိုင်နေသော ရွာသားတစ်ဦးက “ဒီနေရာမှာ လယ်ထွန် တဲ့အခါ မြေဆေးတံအိုးများ ၊ ငွေနားကပ်များ ၊ ရွှေတိုရွှေစတွေ ရတတ်တယ်” ဟုပြောပြသည်။ “ဟိုဘက်နားမှာ စေတီပျက်နှစ် ဆူရှိတယ်” ဟု ရွာခံတစ်ဦးကပြောလိုက်ရာ ကျွန်တော် တို့အဖွဲ့ စေတီပျက်ရှိရာသို့ တောတိုးကြပါတော့သည်။

ချုံနွယ်များ အထပ်ထပ် ဖြစ်နေသော စေတီပျက်ရှိရာ နေရာကို ရွာသားတို့ကဓားဖြင့် ရှင်းလင်းခုတ်ထွင်လမ်းပြကြရာ ကျွန်တော် တို့အဖွဲ့လည်း ချုံတော သို့ ဝင်၍ စေတီပျက်ရှာကြသည်။ ပထမဦးစွာ ကျောက်ဖျာတစ်ခု စတင်တွေ့ရသည်။ ဌာပနာပိတ် ဖြစ်မည် ထင်သည်။ ကျောက်တောင်မှရသည့် ကျောက်ပြားဖြင့် ဌာပနာပိတ်လုပ်လေ့ရှိသဖြင့် ထို ကျောက်ပြားသည် ဌာပနာပိတ် ဖြစ်ပြီး လူတို့ပယောဂကြောင့် စေတီသည် ဌာပနာဖုံးပွင့်နေခြင်း ဖြစ်နိုင်သည်။ ချုံကိုအနည်းငယ်ရှင်းလိုက်သဖြင့် အုတ်ချပ်များ ပေါ်လာသည်။ အုတ်ချပ်အရွယ် အစားသည် အလျား (၁၄) လက်မ၊ အနံ(၇)လက်မ၊ ထု(၂)လက်မ ရှိသည်ကိုတွေ့ရသည်။ အုတ်ချပ်အနေအထားနှင့် အရွယ်အစား၊ အုတ်သားတို့ကို လေ့လာကြည့်သည့်အခါ သိပ်စော သည့် လက္ခဏာတော့မရှိ။ ဤကဲ့သို့ ဘုရားငုတ်တိုများ မှာ ချုံနွယ်ပိတ်ပေါင်းများ ကြားတွင် ရှိနေဆဲ ဖြစ်သည်။ နှောင်းခေတ်လူတို့က မြို့ဟောင်းရွာတွင် ဘုရားဟောင်းကို ပြန်လည်ပြုပြင်ကာ ထီးတင် သည့်စေတီလည်းရှိသည်။ ရွာသားများ က “ဟိုးတောင်ကုန်းမှာ စေတီပျက်တွေ အများ ကြီးပဲ ဆရာ ကြီး၊ တရုတ်စာလိုလို၊ ဂျပန်စာလိုလိုရေး ထားတဲ့ ကျောက်ပြားကိုလည်း တွေ့ရတယ်ဆရာကြီး” ဟု ပြောပြသည်။ မိုးကောင်းသည် များ စွာ ရေးကျခဲ့သဖြင့် ပုခံခေတ် တရုတ်-မြန်မာစစ်ပွဲကရှိခဲ့သည့် ကျောက်စာလား၊ ဂျပန်ခေတ်က ဂျပန်သင်္ချိုင်းစာလားဆိုသည်ကို စဉ်းစားတွေ းတောမိသည်။ ကိုယ် သွားခဲ့သည့် ရာသီအချိန်အခါသည် တောင်ပေါ်သို့ တက်ရန်မလွယ်ကူသဖြင့် မသွားခဲ့ရချေ။ ထို့အပြင် သူတို့တွေ့ခဲ့သော ကာလသည် အလွန်ကြာခဲ့ပြီ ဖြစ်သော ကြောင့် ယခုရှိသေးရဲ့ လား ဆိုသည်ကို စဉ်းစားရသည်။

မြို့ဟောင်းရာပေါ်ရန်ခက်ခဲသော် လည်း စိုက်ပျိုးမရသည့် ကုန်းဆိုးမြေများ ကိုတွေ့ရသဖြင့် မြို့ဟောင်း ဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။ မြို့ရိုး၊ ကျုံး နေရာများ ကိုလည်း အတော် ကျယ်ပြန့်ပြီး မြို့ရိုးမှာ မြေမြို့ရိုးအ ဖြစ် တွေ့ရသည်။ ကျုံး ဟောင်းမှာ လည်း အတော် ရှည်သေးသည်ကို တွေ့ရ သည်။ ရေအထုတ်အသွင်းပြုသည့်ချောင်းနှင့် ဆက်စပ်နေသည့်သဘော ဖြစ်သည်။ အိမ်မိုးအ ဖြစ် အသုံးပြုရန် ရုံးရွက်များ ကို နဖူးတွင် ကြို

း သိုင်း၍ ကျောနှင့်မေးကာ သယ်ယူလာသော ကချင် တိုင်းရင်းသူနှစ် ဦးကို ဘေးကလိုက်ပါလာသော ကလေးငယ်လေးနှစ် ဦးနှင့် အတူ လမ်းပေါ်တွင် တွေ့ ရသည်။ ရုံးပင်သည် မြေပြန့်ဒေသရှိ ဓနိပင်ကို အိမ်အမိုးလုပ်သကဲ့သို့ အမိုးပြုလုပ်ကာ အိမ်မိုး ရခြင်း ဖြစ်သည်။ သယ်ဆောင်လာရသည့်ခရီး၊ သယ်ဆောင်လာရသည့် ဝန်ထုပ်ဝန်ပိုး၊ သွားရောက် ခူးခဲ့ရသည့် တောတောင်တို့ကို စဉ်းစားလိုက်လျှင် အတော် ကြမ်းတမ်းစွာ ရုန်းကန်လှုပ်ရှားရသည့် အသက်မွေးမှု တစ်ခုပင် ဖြစ်သည်။ တောင်ပေါ်သားတို့ ပလိုင်းကိုခေါင်းပေါ်သို့ လွယ်ကြိုး ဖြင့် ထမ်း၍ လွယ်သည့်အတိုင်း ရုံးပင်များ ကို ကျစ်လစ်စွာ စည်းနှောင်ပြီး ခေါင်းဖြင့် ထမ်း၍ သယ်လာကြခြင်း ဖြစ် သည်။ ဘေးတွင် လိုက်ပါလာသော ကလေးများ အတွက် နောင်အခါ ဆက်လက်ထမ်းဆောင်ရ မည့် တာဝန်ကို သင်ယူနေကြခြင်းပင်လောဟု တွေ းမိသည်။



*